# အလင်းသို့
# ဦးတည်နေသော

မာန်လေးနွယ်



## အပိုင်း (၁)

"အမေကြီး မင်းသား အိပ်ရာ မနိုးသေးဘူးလား"

မနက်ဆယ်နာရီထိုးနေပြီ အိပ်ရာကမနိုးသေးတဲ့ သားအငယ်ဆုံးကြောင့် ဇနီးဖြစ်သူကိုမေးနေတဲ့ ဦးထက်လွင်အသံကြောင့် မိသားစုဝင်တွေ ပြုံးမိကြသည်။ အလုပ်ရှိတဲ့ရက်ဆို မသိသာပေမဲ့ ပိတ်ရက်ဆိုရင်တော့ သားအငယ်ကို မိုးလင်းကတည်းက မကြာခဏမနိုးသေးဘူးလား မေးတတ်တာဖြစ်သည်။

"ဖေကြီး ကလည်းဗျာ သားအိပ်နေတာကို"

"အိပ်နေတာကလည်း လူထချိန် ထပ်ပါလား သားငယ်ရာ"

"ကျောင်းပိတ်ရက်လေး အိပ်တာကိုဗျာ"

"မင်း စာမကျက်ပဲ ဂိမ်းကစားနေတာလေးပါ ထည့်ပြောပ့ါလား ငါ့သားရာ"

"ဖေကြီးကလည်း ဂိမ်းဆိုတာ စိတ်အပန်းဖြေတာပါဗျာ"

"သြော်ဟော် မင်းက စိတ်ပင်ပန်းစရာတွေရှိတယ်ပေ့ါလေ"

သားအဖနှစ်ယောက်ရဲ့ စကားပြောသံကို တခြားမိသားစုတွေက ဘာမှဝင်မပြောဘဲ နားထောင်နေကြသည်။

အငယ်ဆုံးက သူပြည်ပမှာ ကျောင်းတက်ချင်တာကို အဖေရောအမေက လုံးဝခွင့်မပြုတာကြောင့် စိတ်တိုနေတာဖြစ်သည်။ ခါတိုင်းလိမ္မာတဲ့ကလေးက အခုတော့အဖေကိုဆန့်ကျင်ကာ တစ်ခွန်းမကျန်ပြန်ပြောပေမဲ့ အဖေ

ကတော့ စိတ်မဆိုးပဲ သူ့သားမကျေမနပ်ဖြစ်နေတာကို သဘောကျကာ မကြာခဏစနေတတ်သည်။

အစ်ကိုကြီးတုန်းကတော့ သွားခိုင်းပြီး သူ့အလှည့်ကျတော့ မသွားရဘူးဆိုတဲ့ တစ်ချက်လွှတ်အဖေဖြစ်သူ စကားကြောင့် မကျေမနပ်ဖြစ်နေတာဖြစ်သည်။

ဒီလိုသာမန်စကားပြောရင်း ပျော်ရွှင်နေလို့ သာမန်မိသားစုထင်ရင် မှားသွားလိမ့်မည်အမှန်က ဦးထက်လွင်ဆိုတာ သားသမီးနဲ့မိသားစုရှေ့မှာသာ အရမ်းကိုမိသားစုကို ချစ်ခင်ဦးစားပေးတဲ့ သာမန်ဖခင်တစ်ဦးဖြစ်နေပေမဲ့ တကယ်ကအမှောင်ရာဇာ ထက်ဝဥ္စာဆိုပြီး နာမည်ကြီးတဲ့ လူဆိုးဂိုဏ်းတစ်ခုရဲ့ ခေါင်းဆောင်ဖြစ်သည်။

သူကမူးယစ်ဆေးဘုရင် လူဆိုးလူမိုက်တွေကတောင် ကြောက်ရတဲ့ လူဆိုးဘုရင်ဖြစ်သည်။ သူကဒီလိုလူဆိုတာသိပေမဲ့ ဘယ်သူမှမဖမ်းရဲအောင် အထက်လူကြီးတွေကိုပါ အပိုင်ကိုင်ထားသူ ဖြစ်သည်။

ဖမ်းချင်ရင်တောင် သူလုပ်တယ်ဆိုတဲ့သက်သေက ရှာမရအောင်လည်း ပိရိလွန်းတဲ့လူလည်း ဖြစ်သည်။ တရားမဝင်စီးပွားရေးတွေကို ဖုံးကွယ်ပေးထားတဲ့ တရားဝင်လုပ်ငန်းတွေကလည်း အများကြီးမို့ ဘယ်သူကမှ သွားမထိရဲတာလည်း ဖြစ်သည်။ သားသမီးတွေကတော့ တရားဝင်လုပ်ငန်းမှာ ဦးစီးနေကြတာဖြစ်သည်။

"သားရယ်ရာ မင်းရဲ့နိုင်ငံခြားသွားမဲ့ကိစ္စ ခဏထား ဖေကြီးနဲ့တောင်ကြီးလိုက်မလား အလုပ်ကိစ္စ သွားစရာရှိလို့"

"လာပြီး အစားထိုးနေသေးတယ် ဖေကြီးက"

"မလိုက်ဘူးလား"

"ဟီး လိုက်မှာပေါ့ သားသွားချင်တဲ့နေရာတွေ လိုက်ပို့ရမှာနော်"

"အေးပါကွာ မင်းသဘော ဟုတ်ပြီးလား"

သားအဖနှစ်ယောက် ပြေလည်မှုရသွားတော့မှ မိသားစုတွေလည်း ပြုံးမိကြသည်။

"ဖေကြီး သားနဲ့စကားခဏပြောလို့ ရမလား"

"အလုပ်ကိစ္စဆို နောက်မှပြော"

"အလုပ်ကိစ္စပါ ပြီးတော့ အရေးပေါ် ပြဿနာမို့လို့ပါ ဖေကြီး"

"ကောင်းပြီ စာကြည့်ခန်းကို လာခဲ့လိုက်"

"ဟုတ်ကဲ့ ဖေကြီး"

စာကြည့်ခန်းလို့ပြောပေမဲ့ အဲဒီအခန်းက အလုပ်ကိစ္စပြောတဲ့ အခန်းဖြစ်ပြီး ဖေကြီးခေါ်မှသွားခွင့်ရှိတဲ့အခန်းလည်း ဖြစ်သည်။ စာကြည့်ခန်းထဲရောက်တော့

"ကဲပြော နားရက်မှာတောင် ပြောရအောင်အရေးကြီး ကိစ္စ"

"ဒီမနက် နယ်စပ်ကလာတဲ့ ရွှေချောင်းတင်ကားတစ်စီး အတိုက်ခိုက်ခံရတယ်တဲ့"

"ဘာပြောတယ် အဲဒီကား ဘယ်ဌာနမှာလဲ"

"အခုစုံစမ်းရေးဌာနမှာ ကားရောက်လာပေမဲ့ အထဲကပစ္စည်းတွေက ပျောက်သွားတယ်တဲ့ စုံစမ်းလို့မရဘူးတဲ့ ဖေကြီး"

"ဘာ ကားနဲ့ပါသွားတဲ့ လူတွေရော"

"ဆေးရုံမှာ သုံးယောက်လုံးပဲ ဖေကြီး"

"ကောင်းပြီ ဘာဖြစ်ခဲ့လဲဆိုတာ သူတို့ကိုမေးရမယ် သွားရအောင်"

"ဟုတ်ကဲ့ ဖေကြီး"

အပြင်ပန်းတည်ငြိမ်နေပေမဲ့ စိတ်ထဲမှာတော့ ဒေါသအကြီးအကျယ် ထွက်နေမိသည်။ လူသုံးယောက်လုံး ဆေးရုံကိုရောက်အောင် လုပ်ကြံပြီး ကားကို စုံစမ်းရေးဌာနအထိ ပို့ပေးတယ်ဆိုကတည်းက အရည်အချင်းကတော့ ခေသူမဟုတ်ဘူးဆိုတာ သိရသည်။ ဆေးရုံရောက်တော့ တပည့်တစ်ယောက်က သတိရနေပြီမို့

"ဘယ်လို ဖြစ်ကြတာလဲ ဟိုဘက်က လူဘယ်လောက်များလဲ"

"တစ်ယောက်တည်းပဲ ဆရာကြီး"

"ဘာရယ် တစ်ယောက်တည်း ဟုတ်လား"

"မျက်နှာက လက်ကိုင်ပဝါ အနီရင့်ရောင်နဲ့စည်းထားသလို တစ်ကိုယ်လုံးလည်း ဘောင်းဘီအရှည်ကအစ အပေါ်ဝတ်ဂျာကင်အဆုံး အနီရောင်ဝတ်ထားတယ်"

"သူကတစ်ယောက်တည်း မင်းတို့သုံးယောက်ကို အလဲထိုးနိုင်တယ်ဆိုတော့ အရည်အချင်းက မဆိုးဘူးပဲ တော်တော် တော်တာပဲ"

"ဟုတ်ပါတယ် ဆရာကြီး သေချာလေ့ကျင့်ထားပုံ ရပါတယ်"

"ပုံစံကရော ဘယ်လိုလဲ"

"အရပ်ကခြောက်ပေလောက် ရှိပြီး အသားက ဖြူဝင်းနစ်နေတယ်ဆရာ ခန္ဓာကိုယ်ကလည်း အတော်လေးကြည့်ကောင်းတယ်"

"ကောင်းပြီ ဒီတစ်ခါ ပထမဆုံးအမှားမို့ ရှိပါစေတော့ နောက်တစ်ခါဆို ဘာဖြစ်မလဲမင်းတို့သိတယ် မဟုတ်လား ကဲနားတော့"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

ဆေးရုံကလည်း ဦးထက်လွင်ပိုင်တဲ့ဆေးရုံမို့ ဘာပြဿနာမှမရှိတာ

ဖြစ်သည်။ အိမ်ရောက်တော့ စာကြည့်ခန်းထဲဝင်ကာ အနီရောင်နဲ့လူအကြောင်းကို စဉ်းစားနေမိသည်။ ဘယ်သူနဲ့ ပတ်သက်တဲ့ရန်ငြိုးလဲ ဘာကြောင့်လာတိုက်ခိုက်တာလဲ ဆိုတာ စဉ်းစားနေမိသည်။ ဒုစရိုက်အလုပ်တွေလုပ်လို့ လူမုန်းများပေမဲ့ ကိုယ့်ကိုအဲဒီလိုအာခံပြီး ရန်စရဲတဲ့လူဆိုတာ မရှိသလောက်ရှားသည် မဟုတ်လား။

ဟိုကောင်တွေနေကောင်းတာနဲ့ သူတို့ကိုတိုက်ခိုက်တဲ့လူဟာ ဘယ်သူဆိုတာရှာဖွေဖို့ တာဝန်ပေးထားလိုက်သည်။ အလုပ်များပြီး အရေးပေါ်ကိစ္စဖြစ်သွားပေမဲ့ သားငယ်နဲ့ကတိထားတဲ့ တောင်ကြီးခရီးကိုတော့ လိုက်ပို့ပေးရသည်။

အလုပ်ကိစ္စသားကြီးနဲ့ ခဏလွှဲထားခဲ့ကာ အလုပ်ကြီးတွေကိုခဏနားဖို့ ပြောထားရသည်။ တစ်ဖက်လူသတင်းအရင်စုံစမ်းဖို့ အမိန့်ပေးထားလိုက်သည်။

သားငယ်နဲ့ တောင်ကြီးခရီးစဉ်သွားရင်း လုပ်ငန်းအတူလုပ်ဖူးတဲ့ သူဌေးတွေ့တော့ အခုတလောသူ့လုပ်ငန်းတွေ အနှောင့်အယှက် ပေါ်တဲ့အကြောင်းပြောရင်းသိလာရတာက အနီရောင်ဝတ်စုံနဲ့ လူတစ်ယောက်အကြောင်းဖြစ်သည်။

ဒါဆို အနီရောင်ဝတ်စုံနဲ့လူက တစ်ယောက်တည်းမဟုတ်ဘဲ အဖွဲ့အစည်းနဲ့ဖြစ်မယ်လို့ တွေးမိတာကြောင့် အနီရောင်နဲ့ပတ်သက်သမျှ လုပ်ငန်းအသေးလေးတွေကအစ စုံစမ်းခိုင်းထားလိုက်သည်။

တခြားလူတွေနဲ့ပါ ညှိထားတဲ့အနီရောင်နဲ့လူဟာ ဘယ်လိုအစွမ်းအစတွေအင်အားတွေရှိနေတာလဲ ဆိုတာကိုတော့ တကယ်စိတ်ဝင်စားမိသည်။

***

"ဟိုကောင်လေး ရောင်နီလင်း"

"ဗျာ ဦးလေး"

"မင်း ဒီနေ့ အလုပ်မသွားဘူးလား"

"သွားရမှာပေ့ါဦးလေးရာ ကျွန်တော်အလုပ်မလုပ်ရင် ဘယ်သူလာကျွေးမှာလဲဗျ အခုတောင် နောက်လကျောင်းဖွင့်တော့မှာ ကျောင်းစရိတ်ကလိုသေး"

"အေးပါ ညည်းပါ တကယ့်ကောင်ကွာ"

"သွားပြီး ဦးလေးရေ ကျွန်တော့်တဲစုတ်လေးကို တစ်ချက်ကြည့်ပေးပါဦး"

"အေးပါကွာ သူခိုးခိုးစရာလည်း ဘာမှမရှိဘဲနဲ့ တကယ့်ကောင်"

ရောင်နီလင်းလည်း ဦးလေးရဲ့နောက်ပြောင် စကားတွေကိုရယ်မောရင်းသာ ပြေးထွက်လာလိုက်သည်။ မြို့ထဲနဲ့နည်းနည်းလှမ်းတဲ့ ဆင်ခြေဖုံးရပ်ကွက်လေးမှာ မိဘတွေနောက်ဆုံးချန်ထားတဲ့ တစ်ထပ်တိုက် သေးသေးလေးနဲ့ ခြံဝင်းကတော့ နည်းနည်းလေးကျယ်သည်။ ခြံထဲမှာဟိုအရင်မိဘတွေ လက်ထပ်ကတည်းက စိုက်ပျိုးထားတဲ့ နှစ်ရှည်ပင်ဖြစ်တဲ့ အုန်းပင်၊ သရက်ပင်၊ ပိန္နဲပင်စတဲ့အပင်ကြီးတွေနဲ့ တရုတ်ဆီးသီးပင်ကြီးတွေနဲ့ အေးချမ်းကာလှပနေသည်။ ခြံကြီးနဲ့ယှဉ်ရင် အိမ်လေးကသေးသေးလေးမို့ တဲစုတ်လေးလို့ခေါ်တာ ဖြစ်သည်။ ရာသီပေါ်ချိန်တွေဆို ရောင်းစားတတ်သေးတဲ့ လူ့ကပ်စေးလေးဖြစ်သည်။

ရောင်နီအလုပ်လုပ်တဲ့ စင်တာရောက်တော့ မန်နေဂျာက ရောင်နီကိုတွေ့တာနဲ့

"ဟိုကောင်လေး နောက်ကျပြန်ပြီ"

"ဟီး bus ကားနောက်ကျလို့ပါ"

"မင်းတော့ကွာ ကဲအဝတ်လဲတော့ တကယ့်ကောင်ကွာ"

ရောင်နီလင်းက စင်တာထဲမှာဖွင့်ထားတဲ့ အင်တာနက်ကဖီးမှာ အလုပ်လုပ်တာဖြစ်သည်။ ကော်ဖီလေးသောက်ရင်း အင်တာနက်သုံးလို့ရသလို ဂိမ်းလည်းဆော့လို့ရတဲ့နေရာ ဖြစ်သည်။ သူဌေးသားလေးတွေ ပိုက်ဆံလာဖြုန်းတဲ့နေရာ ဖြစ်သလို လူငယ်တွေအလာများလို့ သတင်းအစုံရတဲ့ နေရာလေးလည်းဖြစ်သည်။

တစ်ခါတလေအလုပ် ချိန်ပြီးရင် ဂိမ်းပါဆော့လို့ရတာမို့ ရောင်နီလင်းတို့ အလုပ်မြဲနေတာလည်းဖြစ်သည်။ နောက်တစ်ချက်က ကျောင်းတက်ရတဲ့ အချိန်ကိုလည်း ပုံမှန်လစာပေးပြီး ခွင့်ပေးတတ်လို့လည်း ဖြစ်သည်။

အလုပ်ချိန်မဟုတ်ရင် ပေါတောတောနေတတ်ပေမဲ့ အလုပ်လုပ်တဲ့နေရာမှာတော့ တိကျတဲ့ကလေးဖြစ်တာကြောင့် မန်နေဂျာကအစ သူဌေးအဆုံး သူလေးကိုချစ်ကြသည်။ လာတဲ့ဧည့်သည်တွေကလည်း ဘာလိုလိုခိုင်းလို့ကောင်းတဲ့ ရောင်နီလင်းကိုချစ်ကြသည်။

ရောင်နီလင်းရဲ့ တစ်ဖက်စာမျက်နှာကိုတော့ သိသူမရှိသလောက်ဖြစ်ပေမဲ့ ဒီဘက်စာမျက်နှာမှာတော့ ရောင်နီလင်းက လူတွေထဲက သာမန်လူငယ်လေး တစ်ယောက်သာဖြစ်သည်။

***

အပိုင်း(၂)

"ရောင်နီလင်း"

အလုပ်ပြီးလို့ဂိမ်းဆော့နေတုန်း ဂျာကြီးကခေါ်တာမို့ ဂိမ်းကိုခဏရပ်ကာ

"ဗျာ ဂျာကြီး"

"မင်း တို့ခြံနားက အိမ်ကရောင်းမယ်ကြားတယ် ဟုတ်လား"

"ဝယ်သွားပြီလေ မနေ့ကစာချုပ်ချုပ်ပြီး ငွေချေသွားပြီကြားတယ်"

"ဟေ ဟုတ်လား ဘယ်သူဝယ်တာလဲကွာ"

"Red  Ruby ဆိုတဲ့ မိန်းကလေးက ဝယ်သွားတာ"

"ဘာရယ် Red Ruby ကမိန်းကလေး နာမည်လား"

"ဟုတ်တယ်လေ ဦးလေးကြီး ပြောတာတော့ Red Ruby ကသိပ်လှတဲ့ မိန်းကလေးတဲ့ တကယ့်ကို အရုပ်ကလေးလိုလှတာ ဆိုပဲ"

"မင်းရော မမြင်ဖူးဘူးလားကွ"

"ဘယ်လို မြင်ဖူးမှာလဲ ကျွန်တော်က တစ်နေကုန် ဒီမှာရှိနေတာလေ"

"အေးပါကွာ တကယ်လို့ အဲဘက်မှာခြံရောင်းမဲ့လူရှိရင် ပြောဦး"

"ဟမ် အစ်ကိုဝယ်နေမလို့ အလုပ်လာရတာ ခက်တယ်ဗျ"

"ငါတို့ သူဌေးက ဂိုဒေါင် ဆောက်မလို့တဲ့"

"ဩော် အဲဒီလိုလား ဒါဆို ကျွန်တော်တွေ့တာနဲ့ ပြောပေ့ါမယ်"

"အေးပါ ဒါနဲ့မပြန်သေးဘူးလား မိုးချုပ်နေဦးမယ်"

"ဒီနေ့ ညဈေး ခဏသွားလည်မလို့လေ ပြီးမှ ပြန်မယ်"

"aww အေး အေး ဂရုစိုက်သွားဦး"

"ဟုတ်ကဲ့ပါ ဂျာကြီး"

ဂျာကြီးထွက်သွားတော့မှ ဂိမ်းထဲကထွက်လိုက်ကာ စက်ပိတ်ပြီးတာနဲ့ အဝတ်အစားလဲပြီးတာနဲ့ ဂျာကြီးတို့ကို နှုတ်ဆက်ကာ ညဈေးတန်းဘက်ကို ထွက်လာခဲ့လိုက်သည်။ အစားအသောက်တွေ အကင်တွေရောင်းတဲ့နေရာ ရောက်တော့ စားနေကျဆိုင်လေးထဲ ဝင်ထိုင်ရင်း

"ဒေါ်ကြီးရေ သားကိုထုံးစံ အတိုင်းထည့်ပေးပါဗျို့"

ရောင်နီလင်းအသံကြားတော့ ဆိုင်ရှင်အဒေါ်ကြီးက ပြုံးသွားကာ ရောင်နီလင်းကိုလှမ်းကြည့်ရင်း ပြုံးပြကာ

"ဟယ်တော့ ငါ့သားလေး လာတယ်တော့ ပြောပါဦး မလာတာကြာပြီ ဘယ်တွေရောက်နေတာလဲ ပေါက်စလေးရဲ့"

"ကျွန်တော် အလုပ်နည်းနည်းလေး များလို့ပါဗျာ အခုတောင် အလုပ်စော ဆင်းလို့လာတာ ဒေါ်ကြီးရဲ့လက်ရာကိုလည်း လွမ်းနေပြီလေ"

"အံမယ် ကျူပ်သတင်းကြားပါတယ် ဂိမ်းကမ္ဘာထဲ ရောက်နေတာဆို"

"ဟဲ ဟဲ အဲဒါက တစ်ခါတလေပါ ဒေါ်ကြီးကလည်းဗျာ"

ကလေးလေးတွေလို စူပုပ်ပြောနေတဲ့ကောင်လေးကြောင့် ဒေါ်ကြီးမှာရယ်မိသည်။ ဟိုကလေးဘဝကတည်းက မိဘတွေနဲ့ကညီအစ်မတွေလို ခင်မင်ရင်းနှီးတာမို့ ကိုယ်တွေအလုပ်ကြောင့် ပြောင်းရလို့ ခေါ်တော့လည်း သူလေးကမလိုက်ဘူး အမေနောက်ဆုံးနေသွားတဲ့ နေရာလေးမှာသာနေဖို့ သူ့ဘာသာသူဆုံးဖြတ်ကာ တစ်ယောက်တည်း နေတာကြောင့် အဝေးကပဲ စောင့်ရှောက်ရတာ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူလေးအဆင်ပြေနေတယ်

ဆိုတော့လည်း ကိုယ်တွေလည်း စိတ်အေးရတာပေ့ါလေ။

"ဒေါ်ကြီး ကျွန်တော် နောက်ဆိုမကြာခဏ လာပဲ့မယ်ဗျာ"

"လာပါ အမြဲကြိုဆိုပြီးသားပါရှင် ကျန်းမာရေးကိုသာ အထူးဂရုစိုက်ပါ"

"ဟုတ်ကဲ့ပါ ဒေါ်ကြီး"

ငယ်ငယ်လေးကတည်းက အမေလိုဖြစ်နေတဲ့ ဒေါ်ကြီးကိုတော့ ရောင်နီ တကယ်ချစ်တာ ဖြစ်သည်မို့ ဒေါ်ကြီးကိုတော့ မကြာခဏလာတွေ့ဖြစ်သည်။ တွေ့တိုင်းအမေတို့အဖေတို့ကို သတိရတာကြောင့် မလာဖြစ်တာကိုတော့ ဒေါ်ကြီးစိတ်မကောင်း မဖြစ်စေချင်တာကြောင့်မပြောဘဲ မအားလို့ဟူသော အကြောင်းပြချက် လုလုလေးတစ်ခုကိုသာ ပေးလိုက်ရသည်။ ဒေါ်ကြီးနဲ့ စကားပြောပြီး အိမ်ပြန်လာခဲ့လိုက်သည်။ အိမ်ရောက်တာနဲ့ ရောင်နီလင်းရဲ့ လူတွေမသိတဲ့ နောက်စာမျက်နှာတစ်ခုကို ဖွင့်လိုက်ဖို့အတွက် အိပ်ရာခုတင် ထိပ်နားက ခလုတ်တစ်ခုကို ဖွင့်လိုက်တော့ နံရံကတံခါးတစ်ချပ် ပေါ်လာ ပြီး အလိုလိုပွင့်သွားတာနဲ့ ရောင်နီလည်းအထဲဝင်ကာ တံခါးတစ်ချပ်ကိုဖွင့် ပြီးတာနဲ့ ခလုတ်တစ်ခုကို နှိပ်ထားလိုက်သည်။ မြေအောက်ခန်းလို့မခေါ်ဘဲ မြေအောက်နန်းတော်လို့တောင် ခေါ်ရလောက်တဲ့နေရာကို ေးကြည့်ရင်း ချထားတဲ့အဝတ်အစားတွေကို ကောက်သိမ်းကာ ကိုယ့်မျက်နှာကို မှန်ထဲ ကြည့်နေမိသည်။ ငါကတခြားသူတွေထက် ဘာများသာလဲဆိုတာ တွေးနေ မိသည်။

ပြီးမှကွန်ပျူတာကိုဖွင့်ကာ စစ်ဆေးနေလိုက်သည်။ အတ္တကြီးတဲ့လူတွေ မာနကြီးတဲ့ လူတွေကိုပညာပေးဖို့ တစ်ကိုယ်တော် လှုပ်ရှားမှုလေးတွေကို သာ လုပ်နေလိုက်သည်။ တစ်မြို့လုံးနီးပါးက cctvတွေကိုဟက်ထားတာမို့ အခြေအနေတော်တော်များများကို ကိုယ့်ကမ္ဘာလေးထဲကနေ ကြည့်နေ မိသည်။

လောဘသားကောင် တချို့ရဲ့ အတ္တတွေမာနတွေရဲ့ တန်ကြေးကို သူတို့ကို ပြသဖို့စီစဉ်နေတာ အခုဆိုပြီးသလောက်ရှိပြီ ဖြစ်သည်။ ဒီညတော့ ကိစ္စ သေးသေးလေးတစ်ခု ရှိတာကြောင့် အပြင်ထွက်ဖို့ အဝတ်အစားလဲကာ ပြင်ဆင်ပြီး ထွက်လာခဲ့လိုက်သည်။

ညမင်းသားလေးက သာမန်လူတစ်ယောက်လို ခရီးသွားတစ်ယောက်လို လျှောက်သွားပြီး တစ်နေရာအရောက်မှာတော့ အနီးကသစ်ပင်ပေါ်တက်ကာ ဖုန်းဖွင့်ပြီးကွန်ပျူတာနဲ့ ချိတ်ဆက်ထားပြီးသား မိုတယ်နေရာလေးတွေကိုသာ ကြည့်နေလိုက်သည်။ လူရှင်းပြီးဆိုတာနဲ့ အိမ်ထဲဝင်သွားကာ လူတွေရှိပေမဲ့ တိတ်ဆိတ်နေတဲ့အိမ်ကြီးကို ဓာတ်ပုံနည်းနည်း ရိုက်ပြီးတာနဲ့ လုပ်စရာရှိတာ လုပ်နေလိုက်သည်။ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားကာ အေးအေးဆေးဆေးလုပ်နေပြီး လိုချင်တဲ့အချက်အလက်နဲ့ စာရွက်စာတမ်းတွေယူကာ တိတ်တဆိတ် ပြန်ထွက်လာခဲ့လိုက်သည်။ အိမ်ပြန်ရောက်တော့ စာရွက်စာတမ်းတွေသိမ်းကာ အေးအေးဆေးဆေးသာ အိပ်နေလိုက်သည်။ မနက်ဖြန်နားရက်မို့ စောစောထစရာမလိုပေမဲ့ သွားစရာလေး တစ်ခုရှိတာကြောင့် စောစောထဖို့ဆုံးဖြတ်ကာ အိပ်ရာဝင်လိုက်တာဖြစ်သည်။

ရောင်နီလင်းဆိုတာ ဘဝကိုစာမျက်နှာနှစ်ဖက်နဲ့ အသက်ရှင်နေသူဖြစ်သည်။ တစ်ဖက်ကရိုးသားပြီး လောဘမရှိတဲ့ကောင်လေး တစ်ယောက်ဖြစ်ပြီး တခြားစာမျက်နှာ တစ်ဖက်မှာတော့ သူက ဟက်ကာတစ်ယောက် ကလဲ့စားချေဖို့ကို အစီအစဉ်ချပြီး လှုပ်ရှားနေတဲ့ တစ်ကိုယ်တော်မင်းသားလေး ဖြစ်နေသည်။

"ရောင်နီရေ ရောင်နီလင်း"

နှိုးစက်က အသံထက်တိကျတဲ့ ဘေးအိမ်ကဦးလေးက ရောင်နီ အလုပ်

နောက်မကျအောင် ခေါ်နှိုးပေးတတ်တဲ့ သူ့ထုံးစံအတိုင်း အော်ခေါ်ပြီးနှိုးနေတာမို့

"ဗျာ ဦးလေးရေ ထပြီဗျ"

"အေး ထရင်လည်း မနက်စာတော့ မင်းအဒေါ်က ဒီမှာလာစားတဲ့"

"ဗျာ ဒေါ်လေး ဘာတွေချက်လို့လဲဗျ"

"မင်းအကြိုက် ရှမ်းခေါက်ဆွဲ ချက်တာကွ"

"အဲဒါ ဦးလေးကြိုက်လို့ ဒေါ်လေးက ချက်ကျွေးတာပါဗျာ"

ရောင်နီကစရင်းပြောတော့ ဒေါ်လေးနဲ့ဦးလေးက ရယ်မောနေကြသည်။ ရောင်နီလင်းလည်း ဦးလေးနဲ့ဒေါ်လေးကိုကြည့်ရင်း ကြည်နူးမိသည်။ မနက်စာကိုအတူစားကာ ဒေါ်လေးကိုကပ်ချွဲပြီး နောက်နေ့လည်း ချက်ကျွေးဖို့ပြောကာ ရယ်မောနေသည်။ သားသမီးတွေရှိပေမဲ့ အလုပ်တွေကြောင့် အဝေးရောက်နေချိန် အိမ်နီးနားချင်းကလေးက သားသမီးတွေကိုယ်စား အဖော်ရှိနေပေးသလို အကူအညီလည်း ပေးတတ်တာမို့လည်း မိသားစုတွေလိုဖြစ်နေပြီ ဖြစ်သည်။

***

တောင်ကြီးက ပြန်ရောက်ရောက်ချင်း အတွင်းရေးမှူးဆီက ကြားရတဲ့ သတင်းကြောင့် ဦးထက်လွင်တစ်ယောက် ဒေါသဖြစ်ရပြန်သည်။ ကုမ္ပဏီက ဒါရိုက်တာတစ်ခုရဲ့အိမ် ဖောက်ထွင်းခံရပြီး အရေးကြီးစာရွက်စာတမ်းတွေ ပျောက်သွားတယ်ဆိုတဲ့စကားဟာ တကယ်ကိုဒေါသဖြစ်စရာဖြစ်သည်။

အိမ်မှာတပ်ထားတဲ့cctvတွေဟာ အဲဒီအချိန်မှာ ပျက်သွားတယ်ဆိုကတည်းက အတွင်းလူဖြစ်မယ်လို့ တွေးမိတာကြောင့် ဒါရိုက်တာဖြစ်သူ

အိမ်က လူတွေကို စောင့်ကြည့်ဖို့ညွှန်ကြားရင်း အိမ်ထဲအထိဝင်လာရဲတဲ့ အဲဒီလူကိုလည်း တကယ်လေးစားမိသည်။ ဒီလောက်အစောင့်တွေများတဲ့ အိမ်ထဲ ကိုယ့်အိမ်ကိုယ့်ယာလို ဝင်မွှေသွားတာ ဘယ်သူမှမသိဘူး ဆို ကတည်းက အရည်အချင်း တကယ်ရှိတဲ့လူဆိုတာ သေချာသလောက်ရှိနေ ပြီ ဖြစ်သည်။

"ဆရာကြီး"

"ပြော ဘာကိစ္စလဲ"

"ကျွန်တော်တို့ဝယ်မဲ့ မြေနေရာကို ကြားဖြတ်ဝယ်တဲ့လူကို သိရပြီ"

"ဘယ်သူလဲ ဘာအလုပ်လုပ်တဲ့ မိသားစုကလဲ"

"ကောင်မလေးက အပျော်တမ်း ဓာတ်ပုံဆရာမလေး တစ်ယောက်ပဲ မိဘ တွေကတော့မရှိတော့ဘူး နာမည်က Red Ruby တဲ့"

"ဘာ နာမည်က Red Ruby ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး သူမိဘတွေက အတော်လေးချမ်းသာပုံပဲ အမွေ ပစ္စည်းတွေက သူမဆယ်သက်တောင် စားမကုန်ဘူးဆိုပြီး ပြောကြတယ်"

"ဟုတ်လား ရုပ်ရော မြင်ဖူးသလား"

"မမြင်တွေ့ခဲ့ရဘူး ဆရာကြီး မြင်ဖူးတဲ့လူတွေပြောစကားအရ အတော် လေးချောပြီး ဆွဲဆောင်မှုအပြည့်ရှိတဲ့ မိန်းကလေးလို့ သိရပါတယ်"

"ဆက်စုံစမ်းထား ပြီးတော့ ငါသူနဲ့အရင်တွေ့ကြည့်မယ်"

"ဗျာ ဆရာ ကိုယ်တိုင်လား"

"ဟုတ်တယ် သူဘယ်လိုလူမျိုးလဲ ဆိုတာအကဲခတ်မလို့ Red Ruby ဆိုတဲ့ နာမည်က ငါသိချင်တာကို များစေတယ်"

ဆရာကြီး ဘာကိုဆိုလိုတာလဲ တန်းသိတာမို့ ဟိုဘက်မိန်းကလေးနဲ့ တွေ့

ဖို့သာ လုပ်ပေးဖို့ဆုံးဖြတ်လိုက်သည်။

အခုတလောဆရာကြီးနဲ့ လာပတ်သက်သမျှက အနီရောင်နဲ့လူတွေက ပို များနေသလို ခံစားရတာကြောင့် ဆရာကြီး သဘောထားကို သိလိုက်တာ ဖြစ်သည်။

***

## အပိုင်း(၃)

"ကျွန်မနဲ့တွေ့ချင်တယ် ဆိုတာ ဘာကိစ္စရှိလို့လဲ"

ချိန်းထားတဲ့နေရာရောက်တော့ အပိုစကားတွေဘာတွေမပြော နှုတ်လည်းနှုတ်မဆက်ဘဲ မေးလာတဲ့ မိန်းကလေးကြောင့် ဦးထက်လွင် အံ့သြသွားရသည်။ မျက်နှာလေးက အတော်လှတဲ့အထဲမှာပါပေမဲ့ ဘာပြင်ဆင်ခြယ်သမှုမျိုးမှ သိပ်မရှိပေမဲ့ မျက်နှာက အပြစ်ပြောစရာမရှိအောင် ဖြစ်ရသည်။

"မင်းက red ruby ဆိုတာလား"

"ကျွန်မက မိုးကုတ်သူမို့လို့ အဲဒီလိုခေါ်တာပါ ကျွန်မနာမည်က ပွင့်လွှာဖူးပါ"

"ဩော် ဟုတ်ပြီ မိန်းကလေး ပွင့်လွှာကို ပြောစရာရှိလို့ပါ"

"ကျွန်မဝယ်ထားတဲ့ မြေနေရာကို ပြောချင်တာလား"

"ဟုတ်ပါတယ်"

"အရင်က ကျွန်မအဘိုးခြံမို့လို့ပါ ဘာပြဿနာများရှိလို့လဲ မသိဘူး"

"ဩော် အဲဒီလိုလား အမှန်က အန်ကယ်က အဲဒီနေရာကို မင်းဆီကပြန်ဝယ်မလို့"

"တောင်းပန်ပါတယ် အန်ကယ် အဲဒီခြံက အဘိုးတန်ဖိုးအထားဆုံး ဖြစ်နေလို့ပါ အရင်တုန်းကစီးပွားရေး ကျဆုံးပြီး ဒီခြံလေးကို ဆုံးရှုံးရလို့ အဘိုးက သေတာတောင် သူ့ခြံလေးအကြောင်းပဲ မကြာခဏပြောနေလို့ ကျွန်မက

ပြန်ဝယ်ပေးတာပါ"

"ကောင်းပါပြီ အဲဒီနေရာက မြို့နဲ့ဝေးပေမဲ့ ဂိုဒေါင်ဆောက်ဖို့ကျတော့ အဆင်ပြေတဲ့မြေနေရာဆိုတော့ လိုချင်လို့ပါ အခုလိုမိသားစု အမှတ်တရဆိုတော့လည်း အန်ကယ်မပြောတော့ပါဘူး"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"အန်ကယ်ကလည်း ကျေးဇူးတင်ပါတယ် အခုလိုအချိန်ပေးပြီး လာတွေ့ပေးတဲ့အတွက်ပေါ့ အန်ကယ်ကမအားလို့ မင်းကိုလာတွေ့ခိုင်းရတာပါ"

"ရပါတယ် အန်ကယ် ကျွန်မကလူငယ်ပဲ ကျွန်မလာတွေ့ရမှာပေါ့"

"မိန်းကလေးပွင့်လွှာကို အန်ကယ်ကအစက အသက်ခပ်ကြီးကြီး ထင်နေတာ"

"ဟုတ်ကဲ့ ကျွန်မအသက်က ၂၃ နှစ်ပါအန်ကယ်"

"ငယ်သေးတာပဲ"

"ဟုတ်ကဲ့ အဖေအမေကျေးဇူးနဲ့ ငွေရှိနေပေမဲ့ ငယ်သေးတာပေါ့"

ပြောရင်းပြုံးလိုက်တဲ့ မိန်းကလေးပုံစံက ပွင့်လင်းပြီး ဖော်ရွေတတ်သလို ရဲရင့်ထက်မြက်ပုံလည်းပေါက်ပြီး သူ့ကိုယ်သူယုံကြည်မှု အပြည့်ရှိတဲ့ပုံစံလေးက တကယ်ကြည့်ကောင်းတယ်လို့ တွေးမိသည်။

သာမန် မိန်းကလေးနဲ့မတူဘဲ အတော်လေးလှသလောက် သူ့အလှကိုတော့ အလေးမထားဘဲ သူမစိတ်ကိုပဲ လွတ်လပ်အောင် နေတတ်ပုံက တကယ်စိတ်ဝင်စားဖို့ ကောင်းလှသည်။

"မိန်းကလေးက ဘာအလုပ်လုပ်လဲ"

"အပျော်တမ်းဓာတ်ပုံ ရိုက်ပါတယ် အန်ကယ်"

"ဟုတ်လား မိန်းကလေးနဲ့ သိပ်မအပ်စပ်တဲ့ အလုပ်ပဲ"

"ဟုတ်တယ် အမေတို့လည်း အမြဲတမ်း အဲဒီလို ပြောကြတယ် ဒါပေမဲ့ ဝါသနာပါတာ လုပ်ခိုင်းပါတယ်အန်ကယ် အဲဒါကြောင့် ကျွန်မလုပ်ဖြစ်တာပါ"

"မင်းက စိတ်ဓာတ်မာလို့လဲ အခုလိုလုပ်နိုင်တာ မဟုတ်လား"

"အန်ကယ်ပြောတာပဲ ကျွန်မအဖေက ပြောတာတော့ ငါ့သမီးခေါင်းမာတယ် ပြောတာပဲ အန်ကယ် တကယ်လည်း ခေါင်းမာတာပဲ"

"ကောင်းတာပေ့ါ အဲဒီလိုလူတွေက အောင်မြင်တယ်လေ"

"အန်ကယ်ရော အဲဒီလိုတွေးလား"

"ဟုတ်တယ် အန်ကယ်လည်း ခေါင်းမာတယ်"

"ကျွန်မက အစတော့စကားလုံးတွေ စီလာတာပဲ အန်ကယ်နဲ့တွေ့တော့ ကျွန်မရဲ့စကားလုံးတွေက အသုံးမဝင်တော့ပဲ့လား"

"ဘယ်လို စကားလုံးတွေစီပြီးလာတာ ဟုတ်လား ဘာဖြစ်လို့လဲ"

"ကျွန်မကြားဖူးတာ အန်ကယ်ကလိုချင်တာကို မရရတဲ့နည်းနဲ့ ယူတတ်တယ် ဆိုလာလို့ပါ အခုတော့လည်းမဟုတ်ဘဲ သဘောကောင်းတာပဲ"

"တခြားအကြောင်းပြချက် ဆိုရင်တော့ ခုနမင်းပြောသလို အန်ကယ်လည်းလုပ်မလို့ပဲ ဒါပေမဲ့ မင်းအဘိုးရဲ့ အမှတ်တရဆိုတော့ အန်ကယ်လည်း မိသားစုကို တန်ဖိုးထားတဲ့အတွက် မလုပ်တော့တာပါ"

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် အန်ကယ်"

စကားခဏလောက်ပြောရုံနဲ့ တစ်ဖက်မိန်းကလေးက မကောက်ကျစ်ပဲ သူမှန်တယ်ထင်တာ သူလိုချင်တာကို ရအောင်ယူဖို့ ဝန်မလေးတတ်တာကို သဘောပေါက်သွားရသည်။ အစကတော့ အဲဒီမြေနေရာကိုရဖို့လုပ်ပေမဲ့ ဘာသံယောဇဉ် အနှောင်အတွယ်မှမရှိတဲ့ အဲဒီမိန်းကလေးရဲ့

အကြောင်းအရာတချို့ ကြားသိရတာမို့ အသာစောင့်ကြည့်ဖို့ တွေးထားလိုက်သည်။

"အဆင်ပြေလား ဖေဖေ မြေနေရာ ကိစ္စ"

"သူ့အဘိုးရဲ့ အမြတ်နိုးဆုံး မြေနေရာမို့လို့ ပြန်မရောင်းနိုင်ဘူးတဲ့ သားကြီး"

"သားတစ်ခုခု လုပ်လိုက်ရမလား ဖေဖေ"

"မလိုဘူး သားကြီး အဲဒါတွေက ဖေဖေကစောင့်ကြည့်ဖို့ တမင်လွှတ်ပေးတာပါ"

"မိန်းကလေးက အတော်ထက်မြက်လို့လား ဖေဖေ"

"ထက်မြက်တာထက်ပိုတယ် သားကြီး သူကသူကိုမထိရင် ငြိမ်နေပြီး ထိရင်ပြန်ပြီးကိုက်မဲ့ မြွေပွေးလို မိန်းကလေးမျိုးပဲ ပြီးတော့ သူ့မှာထောက်ထားစရာ ဘာမှမရှိတော့တာက သူမိုက်ရူးရဲမယ်ဆို လုံလောက်တဲ့အကြောင်းပဲ"

"ဖေဖေက သူ့ကိုခဏ စကားပြောကြည့်တာနဲ့ သိတာလား"

"စုံစမ်းပြီး စောင့်ကြည့်ခိုင်းထားတယ်သား"

"ဖေဖေ ဒီအတိုင်း လွှတ်ပေးလိုက်တာတော့ မဟုတ်ပါဘူးနော်"

"ဖေဖေက လိုချင်တာကို လွယ်လွယ်လက်လျှော့တတ်တဲ့လူ မဟုတ်မှန်းသားသိပါတယ် စိတ်မပူပါနဲ့ ခဏလောက် လွှတ်ပေးထားတဲ့ သဘောပါ"

"သူလည်းရိပ်မိမယ်ထင်တယ် ဖေဖေပြောပုံအရဆို သူလည်းအတော်လေး ထက်မြက်တဲ့သဘောမှာ ပါတယ် မဟုတ်လား"

"အင်း ဖေဖေလည်းတွေးမိပါတယ် ဒါပေမဲ့ အဲဒီကလေးမက ဉာဏ်ကောင်းမဲ့ပုံပဲ သူ့ကိုမထိရင် သူလည်းမသိလိုက်ဘာသာ ငြိမ်နေမယ်ထင်တယ်"

သားအဖနှစ်ယောက် စကားပြောနေတုန်း သားငယ်ကရုံးခန်းထဲ ဝင်လာတာမို့ အံ့ဩသလိုကြည့်မိသည်။ ဘာကိစ္စမဆို ရုံးအထိလိုက်လာဖို့ မရှိတာကြောင့် ပိုအံ့ဩမိတာဖြစ်သည်။

"သားငယ် ထူးဆန်းလှချည့်လား ရုံးအထိ ဘာကိစ္စရှိလို့လဲ"

"သားဖေဖေ့ ဝန်ထမ်းတစ်ယောက်ကို လိုချင်လို့"

"ဟေ ဘယ်လို"

"သားရဲ့ဂိမ်းဆိုင်ကို လူတစ်ယောက်လွှတ်ပေးပါ"

"ကောင်းပြီ ဘယ်ဝန်ထမ်းလိုချင်တာလဲ ခေါ်သွားရတယ်"

"ဖေဖေ့ရဲ့ အင်တာနက်ကဖီးက ကောင်လေး ရောင်နီလင်းကို"

"ဟမ် သူလိုက်ပါ့မလား သူကအရင်ကတည်းက မန်နေဂျာရဲ့လူလေ"

"ဖေဖေက မန်နေဂျာကို မပိုင်ဘူးလား"

"သူ့ကိုမပိုင်တာထက် သူကမန်နေဂျာအနားနေပြီး ဖေဖေတို့ကိစ္စတချို့ကို ကူညီပေးနေတာလေ အဲတော့သားလိုချင်ရင် ခေါ်သွားလို့ရတယ် သူတို့သဘောထားကိုမေးပြီးရင် လိုက်မယ်ဆိုခေါ်လေ"

"သူက ဖေဖေ့သတင်းပေးမို့ သားခေါ်သွားလည်း သူလည်းဆက်လုပ်ရမယ် မဟုတ်လား သူ့ကိုသွားလုပ်ခိုင်းမယ် ရမလား"

"သဘောကွာ နေပါဦး ဘာကြောင့် ရောင်နီလင်းကို ခေါ်ချင်တာလဲ"

"သူက ဂိမ်းအကြောင်း တော်တော်နားလည်တယ် သူကိုယ်တိုင်ကလည်း ကောင်းကောင်းဆော့နိုင်တယ် အဲဒါကြောင့်ခေါ်တာ ရပြီလား"

"ကောင်းပြီ ခေါ်သွားပါ"

ဖေကြီးဆီက ခွင့်ပြုချက်ရတာနဲ့ ရောင်နီလင်းကိုဝင်ခေါ်ကာ ဂိမ်းဆိုင်ကို

တစ်ခါတည်း ခေါ်သွားလိုက်သည်။ သူသဘောမကျလောက်ဘူး ထင်ပေမဲ့ သူကတော့သူ့အိမ်နဲ့ လမ်းတစ်ဝက်လောက် နီးသွားလို့ သဘောကျကြောင်း ပြောသည်။ ရောင်နီလင်းက တကယ်လည်း ဂိမ်းကစားနည်း တော်တော်များများကို ကျွမ်းကျင်စွာ ဆော့တတ်တာမို့ ဆိုင်နဲ့ခဏလေးနဲ့ အသားကျသည်။

***

ဂိမ်းဆိုင်က အလုပ်ပိုနည်းတာကြောင့် ဂိမ်းတစ်ခုလိုဖန်တီးထားပြီး သူများတွေက ဂိမ်းကစားတယ်လို့ထင်ထားတဲ့ ကိုယ့်ရဲ့ကမ္ဘာငယ်လေးထဲဝင်ကာ အခြေအနေတွေကို တစ်ချက်စစ်ကြည့်ရင်း ပြုံးလိုက်မိသည်။ ထင်ထားတဲ့အတိုင်း ဖြစ်နေတာမို့ အခြေအနေတွေက ခန့်မှန်းထားတဲ့ အတိုင်းပါလားလို့တွေးရင်း လူတွေကိုလည်းအံ့ဩမိသည်။ ဘုရားဟောတရားတွေသာ မရှိရင် တစ်လောလုံးက လူတွေအကုန်လုံး လူသတ်သမားတွေများ ဖြစ်နေမလားတွေးမိသည်။

"ရောင်နီလင်း အလုပ်ချိန်မှာ ဂိမ်းမဆော့ရဘူးလေ"

"မင်းနာရီကြည့်တတ်ရင်ဒါ ငါ့အလုပ်ချိန်မဟုတ်မှန်း မင်းသေချာပေါက်သိမှာပါ"

"ဘာပြောတယ် မင်း အခုမှရောက်တဲ့လူက"

"ငါ့ဘာသာအခုရောက်ရောက် နောက်ရောက်ရောက်မင်းနဲ့မဆိုင်ရင် လာမပြောနဲ့ ငါကအလုပ်သမားဆိုပေမဲ့ ငါထွက်ချင်တဲ့အချိန် ထွက်လို့ရတယ်"

"ဘာပြောတယ် မင်း"

"ဟုတ်တယ် ငါပြောနေတာ မကျေနပ်ရင်လဲသေလိုက်"

သူ့ကိုယ်သူ အရင်ရောက်နေတဲ့ ဝန်ထမ်းဆိုပြီး ဆရာလာလုပ်နေတာမို့

အမြင်ကပ်ကပ်နဲ့ပြောလိုက်တော့ အံ့ဩသလို လာကြည့်နေသေးသည်။

"မန်နေဂျာက ရောင်နီလင်းကို ခေါ်နေတယ်"

"ကောင်းပြီ ငါလာခဲ့မယ်"

ပြောပြီးဂိမ်းကိုပြန်ပိတ်လိုက်ကာ ထွက်လာခဲ့လိုက်သည်။ မန်နေဂျာကရုံးချုပ်က သူဌေးညွှန်ကြားတာဆိုပြီး မှာစရာရှိတာမှာနေတုန်း ခုနဂိမ်းခုံမှာကျန်နေတဲ့ ရောင်နီလင်းရဲ့ဖုန်းကို ကလိနေတဲ့တစ်ယောက် အတိအကျပြောရရင် စောစောကဆရာလိုလို ဘာလိုလို လာလုပ်နေတဲ့လူကြောင့် စိတ်တိုသွားကာ

"လူဆိုရင်ယဉ်ကျေးမှု ရှိစမ်းပါ"

"ဘာ မင်းဘာပြောတယ်"

"သူများဖုန်းကိုဘာလို့ ကိုင်နေတာလဲ မင်းနဲ့ဘာဆိုင်လဲ"

"သူများကျန်ခဲ့တာ ထင်လို့ကွ"

"ငါထသွားပြီး အိတ်ရောဖုန်းရော ချထားခဲ့တာ မင်းမမြင်ဖူးလား ရူးနေတာလား"

နှစ်ယောက်သား စကားများနေတုန်း ဆိုင်ထဲဝင်လာတဲ့သူဌေးကြီးရဲ့ သားအငယ်ဆုံး ဒီဂိမ်းဆိုင်ရဲ့သူဌေးကြောင့် ထိုလူကငြိမ်သွားပေမဲ့ ရောင်နီလင်းကတော့ ခပ်တည်တည်နဲ့သူဌေး ကိုကြည့်ကာ

"ကျွန်တော် ဒီမှာ အလုပ်ဆက်လုပ်ရမယ် ဆိုရင် ခင်ဗျားဆိုင်ကလူတွေကို စည်းကမ်း ထိန်းသိမ်းခိုင်းထားပါ ဒီနေ့အတိုင်း မနက်ဖြန်ဆက်ဖြစ်ရင် ကျွန်တော်အလုပ်ထွက်မှာပါ အခုတော့အလုပ်ချိန်ပြီးလို့ သွားလိုက်ပါဦးမယ်"

ခပ်တည်တည်နဲ့ နှုတ်ဆက်ထွက်သွားတဲ့ ရောင်နီလင်းကို အားလုံးက အံ့

ညြသလိုကြည့်နေပေမဲ့ သူဌေးကတော့ သဘောတကျပြုံးနေသည်။ အဲဒီလို ပုံစံတွေကြောင့် အဖေကသူ့ကို အရမ်းသဘောကျတာဖြစ်မယ် တွေးမိသည်။

***